အသင် မည်သည့်အရပ်ဒေသ၌ ရှိသည်ဖြစ်စေ၊

အလ္လာဟ်အရှင်မြတ်အား ကြောက်ပါ။

မကောင်းမှုကျူးလွန်မိပါက တစ်ဆက်တည်း

(ထိုအပြစ်ကို)ပယ်ဖျက်ပေးမည့် ကောင်းမှုကုသိုလ်ကိုပြုလုပ်ပါ။ လူတို့အား

ကောင်းမွန်သောကိုယ်ကျင့်တရားဖြင့် ပြုမူဆက်ဆံပါ။

အဗူဇရ်ဂျွန်ဒွဗ် ဗင်န် ဂျုနာဒဟ်နှင့် အဗူအဗ်ဒွရ်ရဟ်မားန် မုအားဇ် ဗင်န် ဂျဗလ် (ရဿွိယလ္လာဟု အန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ
ဝစလ္လမ်) မိနိ့ကြားတော်မူခဲ့သည်။ အသင် မည်သည့်အရပ်ဒေသ၌ ရှိသည်ဖြစ်စေ၊
အလ္လာဟ်အရှင်မြတ်အား ကြောက်ပါ။ မကောင်းမှုကျူးလွန်မိပါက တစ်ဆက်တည်း (ထိုအပြစ်ကို)ပယ်ဖျက်ပေးမည့် ကောင်းမှုကုသိုလ်ကို ပြုလုပ်ပါ။ လူတို့အား
ကောင်းမွန်သောကိုယ်ကျင့်တရားဖြင့် ပြုမူဆက်ဆံပါ။ [قال الترمذي: حديث حسن] [رواه الترمذي]

ဤဟဒီးဆ်တော်တွင်တမန်တော်မြတ် (ဆွ) က အချက်သုံးချက် ညွှန်ကြားထားတော်မူသည်- ပထမအချက်- အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း(သက္ကဝါ)ဖြစ်သည်။ သက္ကဝါဆိုသည်မှာဝါဂျိဗ်တာဝန်များကို ပြည့်စုံစွာဆောင်ရွက်ခြင်းနှင့် ဟရာမ်တားမြစ်ချက်များကိုစွန့်လွှတ်ရှောင်ကြဉ်ခြင်းဖြင့် နေရာဒေသအသီးသီး၊ အချိန်အခါအမျိုးမျိုး၊အခြေအနေအရပ်ရပ်တို့တွင် လျှို့ဝှက်ချိန် ထင်ရှားချိန်၊ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာချိန်၊ ဘေး ဒုက္ခရောက်ချိန်နှင့်အခြားအခြေအနေအားလုံးတွင် (အရှင်မြတ်အား ကြောက်ရွံ့ရမည်)။ ဒုတိယအချက်- အကယ်၍မကောင်းမှုတစ်စုံတရာ ကျူးလွန်မိပါက ထိုမကောင်းမှုပြီးနောက် ကောင်းမှုတစ်ခုခုပြုလုပ်ရမည်။ ဥပမာ - ဆွလာသ်ဝတ်ပြုခြင်း၊ စွဒကဟ်ပေးခြင်း၊ ကောင်းမှုပြုခြင်း၊ဆွေမျိုးသားချင်းများနှင့် ကောင်းမွန်စွာဆက်ဆံခြင်းနှင့် သောင်ဗဟ်အမှားဝန်ခံခြင်းစသည်တို့ဖြစ်သည်။ ဤကောင်းမှုများသည် မကောင်းမှုများကို ပယ်ဖျက်နိုင်သည်။ တတိယအချက်- လူသားအားလုံးနှင့် ကောင်းမွန်သောကိုယ်ကျင့်တရားများဖြင့် ပြုမူဆက်ဆံကြရမည်။ ဥပမာ - ပြုံးရွှင်စွာတွေ့ဆုံခြင်း၊ နူးညံ့သိမ်မွေ့စွာ ပြောဆိုဆက်ဆံခြင်း၊ကျေးဇူးပြုခြင်းနှင့် ဒုက္ခမပေးခြင်း စသည်တို့ဖြစ်သည်။

https://sunnah.global/hadeeth/my/show/4302


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee